Republic of the Union of Myanmar

# International Covenant on Economic, Social and Cultural Rights

## စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ
## အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

Translation & Printing supported by
Hanns Seidel Foundation

Ministry of Foreign Affairs

Republic of the Union of Myanmar

# International Covenant on Economic, Social and Cultural Rights

# စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

Ministry of Foreign Affairs

**International Covenant on Economic, Social and Cultural Rights**

**Adopted and opened for signature, ratification and accession by General Assembly resolution 2200A (XXI) of 16 December 1966 entry into force 3 January 1976, in accordance with article 27**

**Preamble**

The States Parties to the present Covenant,

- Considering that, in accordance with the principles proclaimed in the Charter of the United Nations, recognition of the inherent dignity and of the equal and inalienable rights of all members of the human family is the foundation of freedom, justice and peace in the world,
- Recognizing that these rights derive from the inherent dignity of the human person,
- Recognizing that, in accordance with the Universal Declaration of Human Rights, the ideal of free human beings enjoying freedom from fear and want can only be achieved if conditions are created whereby everyone may enjoy his economic, social and cultural rights, as well as his civil and political rights,
- Considering the obligation of States under the Charter of the United Nations to promote universal respect for, and observance of, human rights and freedoms,



**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်**

၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် – ၂၂၀၀အေ (၂၁)အရ အတည်ပြုခဲ့ပြီး ပါဝင်လက်မှတ်ရေးထိုးခြင်း၊ အပြီးသတ်အတည်ပြုခြင်းနှင့် နောက်မှ ပါဝင်ချုပ်ဆိုခြင်းများပြုခဲ့ပြီး စာချုပ်အပိုဒ်–၂၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၌ တရားဝင် အတည်ဖြစ်လာခဲ့ပါသည်။

**နိဒါန်း**

ဤစာချုပ်ဝင်နိုင်ငံများသည် –

- ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ကြေညာထားသော မူကြီးများနှင့်အညီ လူသားမျိုးနွယ် အားလုံး၏ မွေးရာပါဂုဏ်သိက္ခာ၊ တန်းတူညီမျှမှုနှင့် ထာဝရဖြစ်တည်ရှိသော အခွင့်အရေးများသည် ကမ္ဘာတစ်ဝှမ်းတွင်ရှိသည့် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ငြိမ်းချမ်းခြင်းတို့၏ အခြေအမြစ်ဖြစ်သည်ကို ဆင်ခြင်နှလုံးသွင်းလျက်လည်းကောင်း၊
- အဆိုပါ အခွင့်အရေးများသည် လူသား၏ မွေးရာပါ ဂုဏ်သိက္ခာမှ ဆင်းသက်သည်ကို အသိအမှတ်ပြု လက်ခံ၍လည်းကောင်း၊
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့်အညီ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးများနှင့်အတူ ပြည်သူများရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအား လူတိုင်းခံစားနိုင်သည့် အခြေအနေများ ဖန်တီးနိုင်မှသာလျှင် ကြောက်ရွံ့ခြင်းနှင့် ချို့တဲ့နွမ်းပါးခြင်းတို့မှ ကင်းဝေးသည့် စံနမူနာပြ လွတ်လပ်သောလူသားများ ဖြစ်လာနိုင်သည်ဟူသောအချက်ကို အသိအမှတ်ပြုလက်ခံ၍လည်းကောင်း၊
- လူ့အခွင့်အရေးများနှင့် လွတ်လပ်မှုများကို တစ်ကမ္ဘာလုံးက လေးစားမှုနှင့် လိုက်နာစောင့်ထိန်းမှု တို့ကို အားပေးရမည်ဟူသော ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းပါ နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်မည့် တာဝန်ကို သုံးသပ်ဆင်ခြင်၍ လည်းကောင်း၊

- Realizing that the individual, having duties to other individuals and to the community to which he belongs, is under a responsibility to strive for the promotion and observance of the rights recognized in the present Covenant,

Agree upon the following articles:

## PART I

### *Article 1*

1. All peoples have the right of self-determination. By virtue of that right they freely determine their political status and freely pursue their economic, social and cultural development.

2. All peoples may, for their own ends, freely dispose of their natural wealth and resources without prejudice to any obligations arising out of international economic co-operation, based upon the principle of mutual benefit, and international law. In no case may a people be deprived of its own means of subsistence.

3. The States Parties to the present Covenant, including those having responsibility for the administration of Non-Self-Governing and Trust Territories, shall promote the realization of the right of self-determination, and shall respect that right, in conformity with the provisions of the Charter of the United Nations.



- လူတစ်ဦးချင်းသည် အခြားသူတစ်ဦးအတွက်လည်းကောင်း၊ မိမိပါဝင်သည့် လူ့အသိုင်းအဝိုင်းအတွက်သော်လည်းကောင်း စောင့်ထိန်းရမည့် တာဝန်များရှိသည့် အားလျော်စွာ ဤစာချုပ်ပါ အခွင့်အရေးများတိုးတက်ရရှိရန် အားပေးရေးနှင့် လိုက်နာစောင့်ထိန်းနိုင်ရေးတို့အတွက် ကြိုးပမ်းရန် အစဉ်တာဝန်ရှိသည်ဟူသော အချက်ကို သဘောရရှိသည်ဖြစ်၍လည်းကောင်း၊

အောက်ပါအချက်များကို သဘောတူကြသည် –

## **အခန်း (၁)**

### **အပိုဒ် – ၁**

၁။ လူတိုင်းတွင် မိမိကြမ္မာ မိမိဖန်တီးနိုင်ခွင့်ရှိသည်။ ထိုပိုင်ခွင့်ရှိသည့်အလျောက် ၎င်းတို့သည် မိမိ၏ နိုင်ငံရေး ရပ်တည်ချက်ကို လွတ်လပ်စွာ ချမှတ်ထားနိုင်ပြီး ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

၂။ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရမည်ဟူသောမူနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ အပေါ် အခြေပြုသည့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှ ပေါ်ထွက်လာသည့် ကတိကဝတ်များကို အကျိုးယုတ်လျော့ ထိခိုက်နစ်နာစေခြင်းမရှိဘဲ လူသားအားလုံးသည် ရည်မှန်းချက် ရရှိစေရန်အတွက် မိမိတို့၏ သဘာဝ ကြွယ်ဝမှုနှင့် ရင်းမြစ်များကို လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည်။ မည်သည့် အကြောင်းနှင့်မျှ လူသားတစ်ဦး၏ ဝမ်းရေးဖူလုံမှု အသက်မွေးနည်းလမ်းကို ပိတ်ပင်တားဆီးခြင်းမပြုရ။

၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသေးသော နယ်စပ်ဒေသများနှင့် အစောင့်ရှောက်ခံ နယ်ပယ်ဒေသများကို အုပ်ချုပ်ရေးအတွက် တာဝန်ရှိသောနိုင်ငံများအပါအဝင် ဤစာချုပ်ဝင် နိုင်ငံများသည် ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိလာစေရန် အားပေးရမည်။ ထိုအခွင့်အရေးကို လေးစားရမည်။

## PART II

### *Article 2*

1. Each State Party to the present Covenant undertakes to take steps, individually and through international assistance and co-operation, especially economic and technical, to the maximum of its available resources, with a view to achieving progressively the full realization of the rights recognized in the present Covenant by all appropriate means, including particularly the adoption of legislative measures.

2. The States Parties to the present Covenant undertake to guarantee that the rights enunciated in the present Covenant will be exercised without discrimination of any kind as to race, colour, sex, language, religion, political or other opinion, national or social origin, property, birth or other status.

3. Developing countries, with due regard to human rights and their national economy, may determine to what extent they would guarantee the economic rights recognized in the present Covenant to non-nationals.

### *Article 3*

The States Parties to the present Covenant undertake to ensure the equal right of men and women to the enjoyment of all economic, social and cultural rights set forth in the present Covenant.



## အခန်း (၂)

### အပိုဒ် – ၂

၁။ ဤစာချုပ်ဝင် တစ်နိုင်ငံချင်းသည် စာချုပ်တွင်လက်ခံထားသည့် အခွင့်အရေးများကို အပြည့်အဝရရှိသည်အထိ အဆင့်ဆင့်ဆောင်ရွက်ရာတွင် သင့်လျော်သောနည်းလမ်းများကို သုံးသပ်ဖန်တီးရမည်။ ယင်းနည်းလမ်းများတွင် ဥပဒေပြုရေးလုပ်ငန်းများသည် အဓိကပါဝင်ရမည်။ ထိုနည်းလမ်းများ ကျင့်သုံးရာတွင် ယင်းနိုင်ငံများသည် တစ်နိုင်ငံချင်းအနေနှင့်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့မှ တစ်ဆင့်ဖြစ်စေ၊ ၎င်းတို့၏ ရရှိနိုင်သမျှသော အရင်းအမြစ်များကို အစွမ်းကုန်အသုံးပြု၍ တာဝန်ယူဆောင်ရွက်ရမည်။ ယင်းသို့ ပူးပေါင်းကူညီရာတွင် စီးပွားရေးနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်။

၂။ ဤစာချုပ်တွင် အတိအလင်းဖော်ပြထားသည့် အခွင့်အရေးများကို ကျင့်သုံးသည့်အခါ လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသော ခံယူချက်၊ အမျိုးသားရေး သို့မဟုတ် လူမှုရေးအခြေခံ၊ ပိုင်ဆိုင်မှု ဥစ္စာပစ္စည်း၊ မွေးဖွားသည့် အနေအထား သို့မဟုတ် အဆင့်အတန်းခွဲခြားမှုမရှိဘဲ ကျင့်သုံးနိုင်ရန် စာချုပ်ဝင်နိုင်ငံများက တာဝန်ယူအာမခံချက်ပေးရမည်။

၃။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် လူ့အခွင့်အရေးများနှင့် ၎င်းတို့၏ အမျိုးသားစီးပွားရေးအခြေအနေအပေါ် မူတည်၍ နိုင်ငံသားမဟုတ်သူများအား အာမခံချက်ဖြင့်ပေးနိုင်သည့် စာချုပ်ပါ စီးပွားရေးအခွင့်အရေးများ၏ အတိုင်းအတာကိုသတ်မှတ်နိုင်သည်။

### အပိုဒ် – ၃

စာချုပ်ဝင်နိုင်ငံများသည် စာချုပ်ပါ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး အားလုံးကို အမျိုးသား၊ အမျိုးသမီး တန်းတူရည်မျှ ရရှိခံစားနိုင်ကြောင်းယုံကြည်စိတ်ချစေရန် တာဝန်ယူဆောင်ရွက်ရမည်။

### *Article 4*

The States Parties to the present Covenant recognize that, in the enjoyment of those rights provided by the State in conformity with the present Covenant, the State may subject such rights only to such limitations as are determined by law only in so far as this may be compatible with the nature of these rights and solely for the purpose of promoting the general welfare in a democratic society.

### *Article 5*

1. Nothing in the present Covenant may be interpreted as implying for any State, group or person any right to engage in any activity or to perform any act aimed at the destruction of any of the rights or freedoms recognized herein, or at their limitation to a greater extent than is provided for in the present Covenant.

2. No restriction upon or derogation from any of the fundamental human rights recognized or existing in any country in virtue of law, conventions, regulations or custom shall be admitted on the pretext that the present Covenant does not recognize such rights or that it recognizes them to a lesser extent.



### အပိုဒ် – ၄

ဤစာချုပ်နှင့်အညီ သက်ဆိုင်ရာနိုင်ငံက အဆိုပါအခွင့်အရေးများကို ရရှိခံစားစေရာ၌ ယင်းအခွင့်အရေးများ၏ သဘောသဘာဝနှင့် လိုက်လျောမှုရှိပြီး ဒီမိုကရေစီလူ့ဘောင်၏ အထွေထွေအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီပါက ယင်းနိုင်ငံသည် ဥပဒေပြဋ္ဌာန်း၍ အဆိုပါအခွင့်အရေးများကို ကန့်သတ်ချက်များ ပြုနိုင်သည် ဟူသောအချက်ကို ဤစာချုပ်ဝင်နိုင်ငံများက အသိအမှတ်ပြုသည်။

### အပိုဒ် – ၅

၁။ ဤစာချုပ်ပါ အချက်များကြောင့် မည်သည့်နိုင်ငံ၊ မည်သည့်အုပ်စု၊ မည်သည့်ပုဂ္ဂိုလ်ကမျှ ဤစာချုပ်တွင် အသိအမှတ်ပြုထားသည့် မည်သည့်အခွင့်အရေးများ သို့မဟုတ် လွတ်လပ်မှုများကိုမဆို ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် လှုပ်ရှားမှုတစ်ရပ်ရပ် သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ် ဆောင်ရွက်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ သို့မဟုတ် ၎င်းတို့အနေဖြင့် ဤစာချုပ်ပါ ကန့်သတ်နိုင်သည့် အတိုင်းအတာထက် များစွာကျော်လွန်၍ ကန့်သတ်မှု ပြုလုပ်နိုင်သည်ဟူ၍လည်းကောင်း သဘောသက်ရောက်သော အဓိပ္ပါယ်ကောက်ယူခြင်း မရှိစေရ။

၂။ လက်ခံထားသော အခြေခံလူ့အခွင့်အရေးတစ်ရပ်ရပ် သို့မဟုတ် နိုင်ငံတစ်နိုင်ငံရှိ အခြေခံ လူ့အခွင့်အရေး တစ်ရပ်ရပ်ကို ဤစာချုပ်က အသိအမှတ်မပြုကြောင်း သို့မဟုတ် ယင်းအခြေခံလူ့အခွင့်အရေးတစ်ရပ်ရပ်ကို ဤစာချုပ်က သတ်မှတ်ထားသည့် အတိုင်းအတာအောက် လျော့နည်းခံစားခွင့်ပြုကြောင်းဖြင့် မဟုတ်မမှန် ဖော်ပြချက်၊ ဥပဒေ၊ စာချုပ်များ သို့မဟုတ် ဓလေ့ထုံးတမ်းများ ပြဋ္ဌာန်း၍ မည်သည့် အခြေခံလူ့အခွင့်အရေးများကိုမျှ ကန့်သတ်ခြင်း သို့မဟုတ် သေးသိမ်အောင် ပြုလုပ်ခြင်း မပြုရ။

## PART III

### *Article 6*

1. The States Parties to the present Covenant recognize the right to work, which includes the right of everyone to the opportunity to gain his living by work which he freely chooses or accepts, and will take appropriate steps to safeguard this right.

2. The steps to be taken by a State Party to the present Covenant to achieve the full realization of this right shall include technical and vocational guidance and training programmes, policies and techniques to achieve steady economic, social and cultural development and full and productive employment under conditions safeguarding fundamental political and economic freedoms to the individual.

### *Article 7*

The States Parties to the present Covenant recognize the right of everyone to the enjoyment of just and favourable conditions of work which ensure, in particular:

(a) Remuneration which provides all workers, as a minimum, with:

(i) Fair wages and equal remuneration for work of equal value without distinction of any kind, in particular women being guaranteed conditions of work not inferior to those enjoyed by men, with equal pay for equal work;



## အခန်း (၃)

### အပိုဒ် – ၆

၁။ ဤစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အလုပ်လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုသည်။ ယင်းအလုပ်လုပ်ပိုင်ခွင့်တွင် လူတိုင်းမိမိအသက်မွေးဝမ်းကျောင်းနိုင်ရေးအတွက် လွတ်လပ်စွာ အလုပ်အကိုင်အခွင့်အလမ်း ရွေးချယ်ခွင့် သို့မဟုတ် လက်ခံခွင့် ပါဝင်ပြီး ယင်းအခွင့်အရေးကို အကာအကွယ်ပေးရန် စာချုပ်ဝင်နိုင်ငံများက သင့်လျော်သည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၂။ ဤစာချုပ်ဝင် နိုင်ငံတစ်နိုင်ငံက ဤအခွင့်အရေး အပြည့်အဝရရှိရန် ဆောင်ရွက်သည့် လုပ်ဆောင်ချက်များတွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းညွှန်မှုနှင့် လေ့ကျင့်ရေး အစီအစဉ်များ၊ မူဝါဒများနှင့် နည်းလမ်းများ ပါဝင်ရမည်။ အဆိုပါ လုပ်ဆောင်ချက်များသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ကို ပုံမှန်ဖွံ့ဖြိုးတိုးတက်စေပြီး လူတစ်ဦးချင်းစီ၏ အခြေခံ နိုင်ငံရေးနှင့် စီးပွားရေး လွတ်လပ်ခွင့်များကို အကာအကွယ်ပေးနိုင်သည့် အခြေအနေများ အောက်တွင် ထုတ်လုပ်နိုင်စွမ်းရှိသည့် အလုပ်အကိုင်နေရာများ၌ အပြည့်အဝ ခန့်ထားနိုင်စေရမည်။

### အပိုဒ် – ၇

လူတိုင်းသည် တရားမျှတပြီး ကောင်းမွန်သည့် ခံစားခွင့်များရှိသည့် အလုပ်အကိုင်ကို လုပ်ကိုင်ခွင့်ရှိသည်ဟူသောအချက်ကို စာချုပ်ဝင်နိုင်ငံများက အသိအမှတ်ပြုသည်။ ယင်းအခွင့်အရေးတွင် အထူးသဖြင့် အောက်ပါတို့ကို ရရှိခံစားစေနိုင်ရမည်။

(က) အလုပ်လုပ်သူအားလုံးအား လုပ်ခလစာကို အနိမ့်ဆုံးအားဖြင့် ပေးရမည့်အပြင်–

(၁) မည်သည့်ခွဲခြားခြင်းမျိုးမျှမရှိဘဲ တန်ဖိုးတူလုပ်ဆောင်မှုအတွက် မျှတသည့် လုပ်အား၊ ညီမျှသည့် လုပ်ခလစာတို့ ရရှိစေရမည်။ အထူးသဖြင့် အမျိုးသား၊ အမျိုးသမီးဟူ၍ ခွဲခြားမှုမပြုဘဲ အမျိုးသမီးများအား အမျိုးသားများ ခံစားခွင့်ရှိသည့် အခွင့်အရေးထက် နိမ့်ကျမှုမရှိစေဘဲ တူညီသော အလုပ်အတွက် တူညီသောလစာစရိတ် ခံစားခွင့်ရရှိရန် အာမခံနိုင်ရမည်။

(ii) A decent living for themselves and their families in accordance with the provisions of the present Covenant;

(b) Safe and healthy working conditions;

(c) Equal opportunity for everyone to be promoted in his employment to an appropriate higher level, subject to no considerations other than those of seniority and competence;

(d ) Rest, leisure and reasonable limitation of working hours and periodic holidays with pay, as well as remuneration for public holidays

***Article 8***

1. The States Parties to the present Covenant undertake to ensure:

(a) The right of everyone to form trade unions and join the trade union of his choice, subject only to the rules of the organization concerned, for the promotion and protection of his economic and social interests. No restrictions may be placed on the exercise of this right other than those prescribed by law and which are necessary in a democratic society in the interests of national security or public order or for the protection of the rights and freedoms of others;



(၂) ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်လုပ်ကိုင်သူများကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုများအတွက် သင့်တင့်လျောက်ပတ်သည့် နေရာထိုင်ခင်း တစ်ခု ရရှိစေရမည်။

(ခ) လုံခြုံစိတ်ချရပြီး ကျန်းမာရေးကို မထိခိုက်စေသည့် လုပ်ငန်းခွင်အခြေအနေများ ရှိရမည်။

(ဂ) လူတိုင်းသည် သင့်တော်သည့် အဆင့်မြင့်ရာထူးသို့ တိုးမြှင့်နိုင်သည့်အခွင့်အရေး အညီအမျှရှိသည်။ ရာထူးတိုးမြှင့်ရေးအတွက် စဉ်းစားရာတွင် ရာထူးသက်တမ်းနှင့် စွမ်းဆောင်ရည်မှတစ်ပါး အခြားအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

(ဃ) အနားယူခွင့်၊ အပန်းဖြေခွင့်၊ မျှတသော အလုပ်ချိန်ကန့်သတ်မှု ရရှိ၍ လစာဖြင့် အချိန်အပိုင်းအခြားအလိုက် အားလပ်ရက်ခံစားခွင့်များ ရရှိစေရမည့်အပြင် အများပြည်သူ ရုံးပိတ်ရက်များအတွက်လည်း လုပ်ခလစာ ရရှိခံစားနိုင်စေရမည်။

**အပိုဒ် – ၈**

၁။ ဤစာချုပ်ဝင် နိုင်ငံများသည် အောက်ပါ အခွင့်အရေးများ ရရှိစေရန် တာဝန်ယူ ဆောင်ရွက်ရမည် –

(က) လူတိုင်းသည် မိမိ၏ စီးပွားရေးနှင့် လူမှုရေး အကျိုးစီးပွားများကို ဖွံ့ဖြိုးရန်နှင့် ကာကွယ်နိုင်ရန်အတွက် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့်အညီ မိမိနှစ်သက်ရာ အလုပ်သမားသမဂ္ဂနှင့် ဆက်သွယ်ခွင့်ရှိသည်။ ဤအခွင့်အရေးကို ကျင့်သုံးရာတွင် ဥပဒေအရတားမြစ်ခြင်း နှင့် ဒီမိုကရေစီ လူ့ဘောင်တွင် အမျိုးသားလုံခြုံရေး အကျိုးစီးပွား သို့မဟုတ် ငြိမ်ဝပ်ပိပြားရေး သို့မဟုတ် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်မှုများကို ကာကွယ်ရေးတို့အတွက် လိုအပ်သဖြင့် တားမြစ်ရသည်များမှလွဲ၍ တားမြစ်ချက်များ မပြုလုပ်ရ။

(b) The right of trade unions to establish national federations or confederations and the right of the latter to form or join international trade-union organizations;

(c) The right of trade unions to function freely subject to no limitations other than those prescribed by law and which are necessary in a democratic society in the interests of national security or public order or for the protection of the rights and freedoms of others;

(d) The right to strike, provided that it is exercised in conformity with the laws of the particular country.

2. This article shall not prevent the imposition of lawful restrictions on the exercise of these rights by members of the armed forces or of the police or of the administration of the State.

3. Nothing in this article shall authorize States Parties to the International Labour Organisation Convention of 1948 concerning Freedom of Association and Protection of the Right to Organize to take legislative measures which would prejudice, or apply the law in such a manner as would prejudice, the guarantees provided for in that Convention.

***Article 9***

The States Parties to the present Covenant recognize the right of everyone to social security, including social insurance.



(ခ) အလုပ်သမား သမဂ္ဂများက နိုင်ငံအဆင့် အလုပ်သမား သမဂ္ဂအဖွဲ့ချုပ်များ သို့မဟုတ် အကျိုးတူ အလုပ်သမားသမဂ္ဂများ ပူးပေါင်းဖွဲ့စည်းသည့်အဖွဲ့ချုပ်များ ဖွဲ့စည်းခွင့်နှင့် အကျိုးတူ ပူးပေါင်းဖွဲ့စည်းထားသည့် အလုပ်သမားသမဂ္ဂ အဖွဲ့ချုပ်များက နိုင်ငံတကာအလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့် သို့မဟုတ် ၎င်းနိုင်ငံတကာ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခွင့်။

(ဂ) အလုပ်သမားသမဂ္ဂများသည် ဥပဒေအရ ကန့်သတ်မှုများနှင့် ဒီမိုကရေစီလူ့ဘောင်တွင် အမျိုးသားလုံခြုံရေးအကျိုးစီးပွား သို့မဟုတ် ငြိမ်ဝပ်ပိပြားရေး သို့မဟုတ် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်မှုများကို ကာကွယ်ရေးတို့အတွက် လိုအပ်သဖြင့် ကန့်သတ်ရသည်များမှလွဲ၍ လွတ်လပ်စွာလုပ်ဆောင်ခွင့်။

(ဃ) သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သပိတ်မှောက်ခွင့်။

၂။ ဤအခွင့်အရေးများကို ကျင့်သုံးရာတွင် တပ်မတော်တပ်ဖွဲ့ဝင်များ သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် နိုင်ငံအုပ်ချုပ်ရေးဌာနမှ ပုဂ္ဂိုလ်များက ဥပဒေအရ တားမြစ်မှုများ ချမှတ်ခြင်းကို ဤအပိုဒ်က အတားအဆီးမဖြစ်စေရ။

၃။ အသင်းအဖွဲ့ လွတ်လပ်ခွင့်နှင့် စည်းရုံးပိုင်ခွင့်အား အကာအကွယ်ပေးခြင်းဆိုင်ရာ ၁၉၄၈ ခုနှစ်၊ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် သဘောတူစာချုပ်ဝင် နိုင်ငံများက ယင်းစာချုပ်တွင် ပေးအပ်ထားသည့် အာမခံချက်များကို ထိခိုက်လျော့ပါးစေရန်အတွက် ဥပဒေပြုခြင်း သို့မဟုတ် ထိုသို့ထိခိုက်နစ်နာစေရန် ဥပဒေကျင့်သုံးခြင်းတို့ ပြုလုပ်နိုင်စေရန် ဤအပိုဒ်က ထိုနိုင်ငံများအား လုပ်ပိုင်ခွင့်လွှဲအပ်ထားခြင်းမရှိ။

**အပိုဒ် – ၉**

ဤစာချုပ်ဝင်နိုင်ငံများသည် လူမှုရေးအာမခံအပါအဝင် လူမှုဖူလုံရေးခံစားခွင့်ကို လူတိုင်း ခံစားခွင့်ရှိကြောင်း အသိအမှတ်ပြုသည်။

## *Article 10*

The States Parties to the present Covenant recognize that:

1. The widest possible protection and assistance should be accorded to the family, which is the natural and fundamental group unit of society, particularly for its establishment and while it is responsible for the care and education of dependent children. Marriage must be entered into with the free consent of the intending spouses.

2. Special protection should be accorded to mothers during a reasonable period before and after childbirth. During such period working mothers should be accorded paid leave or leave with adequate social security benefits.

3. Special measures of protection and assistance should be taken on behalf of all children and young persons without any discrimination for reasons of parentage or other conditions. Children and young persons should be protected from economic and social exploitation. Their employment in work harmful to their morals or health or dangerous to life or likely to hamper their normal development should be punishable by law. States should also set age limits below which the paid employment of child labour should be prohibited and punishable by law.



## အပိုဒ် – ၁၀

ဤစာချုပ်ဝင် နိုင်ငံများသည် အောက်ပါတို့ကို အသိအမှတ်ပြုသည် –

၁။ လူ့အဖွဲ့အစည်း၏ သဘာဝအလျောက် အခြေခံအဖွဲ့အစည်းဖြစ်သည့် မိသားစု၊ အထူးသဖြင့် အိမ်ယာတည်ထောင်ရပ်တည်မှုအား ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံး အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းများကို ဆောင်ရွက်ခြင်း၊ မှီခို ကလေးငယ်များအား ပြုစုစောင့်ရှောက်ခြင်းနှင့် ပညာသင်ကြားပေးရေးတို့ကို ဆောင်ရွက်ရန်လည်း တာဝန်ရှိသည်။ သတို့သားနှင့် သတို့သမီး နှစ်ဦးနှစ်ဖက်တို့၏ လွတ်လပ်သော သဘောဆန္ဒ အပြည့်အဝရှိမှသာလျှင် ထိမ်းမြားလက်ထပ်ခြင်း ပြုရမည်။

၂။ မိခင်များအား ၎င်းတို့ ကလေးမမွေးဖွားမီနှင့် မွေးဖွားပြီးအကြား သင့်မြတ်သည့် ကာလအတွင်း အထူးအကာအကွယ်ပေးခြင်း၊ အဆိုပါကာလအတွင်း အလုပ်လုပ်သည့် မိခင်များအား လစာဖြင့် ခွင့် သို့မဟုတ် လူမှုဖူလုံရေး အကျိုးခံစားခွင့် အပြည့်အဝခံစားခွင့်ပြုခြင်း။

၃။ မိဘမျိုးရိုး အကြောင်းပြချက်ဖြင့်လည်းကောင်း သို့မဟုတ် အခြားသော အခြေအနေများကို အကြောင်းပြု၍လည်းကောင်း ခွဲခြားခြင်းမပြုဘဲ အားလုံးသော ကလေးများနှင့် လူငယ်များကိုယ်စား အကာအကွယ်ပေးခြင်း နှင့် အကူအညီပေးခြင်း တို့ကို အထူးလုပ်ဆောင်ခြင်း၊ ကလေးများနှင့် လူငယ်များအား စီးပွားရေး နှင့် လူမှုရေးအရ အမြတ်ထုတ်မှုမှ အကာအကွယ်ပေးခြင်း၊ ကလေးနှင့် လူငယ်များ လုပ်ကိုင်ရသည့်အလုပ်သည် ၎င်းတို့၏ ကိုယ်ကျင့်တရား နှင့် ကျန်းမာရေးကို ထိခိုက်နစ်နာစေလျှင် သို့မဟုတ် ၎င်းတို့၏အသက်ကို အန္တရာယ်ရှိလျှင် သို့မဟုတ် ၎င်းတို့၏ ပုံမှန်ဖွံ့ဖြိုးမှုကို အဟန့်အတား ဖြစ်စေလျှင် ဥပဒေနှင့်အညီ ပြစ်ဒဏ်ထိုက်သင့်စေနိုင်ခြင်း၊ သက်ဆိုင်ရာ နိုင်ငံက အသက်ကန့်သတ်ချက်များ ပြဋ္ဌာန်းပြီး ယင်းကန့်သတ်ထားသည့် အသက်အောက်ရှိ လူငယ်များအား ကလေးအလုပ်သမားအဖြစ် လစာဖြင့် အလုပ်ခန့်ထားခြင်းကို ဥပဒေအရ တားမြစ်ပြီး ပြစ်ဒဏ်ထိုက်သင့်စေခြင်း။

***Article 11***

1. The States Parties to the present Covenant recognize the right of everyone to an adequate standard of living for himself and his family, including adequate food, clothing and housing, and to the continuous improvement of living conditions. The States Parties will take appropriate steps to ensure the realization of this right, recognizing to this effect the essential importance of international co-operation based on free consent.

2. The States Parties to the present Covenant, recognizing the fundamental right of everyone to be free from hunger, shall take, individually and through international co-operation, the measures, including specific programmes, which are needed:

    (a) To improve methods of production, conservation and distribution of food by making full use of technical and scientific knowledge, by disseminating knowledge of the principles of nutrition and by developing or reforming agrarian systems in such a way as to achieve the most efficient development and utilization of natural resources;

    (b) Taking into account the problems of both food-importing and food-exporting countries, to ensure an equitable distribution of world food supplies in relation to need.



**အပိုဒ် – ၁၁**

၁။ လူတိုင်းသည် ပြည့်စုံလုံလောက်သည့် အစားအစာ၊ အဝတ်အထည်နှင့် အိုးအိမ်တို့ အပါအဝင် ပြီးပြည့်စုံသည့် လူနေမှုအဆင့်အတန်းကို မိမိနှင့် မိမိ၏ မိသားစုအတွက် ခံစားခွင့်ရှိပြီး လူမှုရေးအခြေအနေများ စဉ်ဆက်မပြတ် တိုးတက်ခံစားခွင့်ရှိသည်ကို စာချုပ်ပါ နိုင်ငံများက အသိအမှတ်ပြုသည်။ စာချုပ်ဝင်နိုင်ငံများသည် လွတ်လပ်သော သဘောဆန္ဒအပေါ် အခြေခံသည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ မရှိမဖြစ် အရေးပါမှုကို အသိအမှတ်ပြုလျက် ဤအခွင့်အရေးရရှိရေးကို အာမခံနိုင်ရန်သင့်လျော်သည့်ဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၂။ ဤစာချုပ်ဝင်နိုင်ငံများသည် လူတိုင်း ဆာလောင်မွတ်သိပ်မှုမှ ကင်းဝေးရမည် ဟူသော အခြေခံအခွင့်အရေးကို အသိအမှတ်ပြုလျက် လိုအပ်နေသည့် သီးခြား အစီအစဉ်များ အပါအဝင် အောက်ပါ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများကို တစ်နိုင်ငံချင်းဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သော်လည်းကောင်း ဆောင်ရွက်ရမည်။

    (က) နည်းပညာနှင့် သိပ္ပံနည်းကျ ဗဟုသုတများကို အပြည့်အဝ အသုံးပြုခြင်းဖြင့် လည်းကောင်း၊ အာဟာရဓါတ်ဖွံ့ဖြိုးရေးဆိုင်ရာ မူကြီးများနှင့် ပတ်သက်သည့် အသိပညာများကို ဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း၊ သဘာဝအရင်းအမြစ်များကို အကျိုးရှိဆုံး ဖွံ့ဖြိုးတိုးတက်စေကာ အသုံးချလျက် လယ်ယာစနစ်များကို ဖွံ့ဖြိုးစေခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲစေခြင်းဖြင့် လည်းကောင်း၊ စားနပ်ရိက္ခာ ထုတ်လုပ်မှု၊ ထိန်းသိမ်းမှုနှင့် ဖြန့်ဝေမှုနည်းလမ်း များကို တိုးတက်စေခြင်း၊

    (ခ) စားနပ်ရိက္ခာ တင်သွင်းသည့်နိုင်ငံများနှင့် တင်ပို့သည့်နိုင်ငံများတို့ ကြုံတွေ့ နေရသည့် ပြဿနာများကို ထည့်သွင်းစဉ်းစားလျက် လိုအပ်မှုအပေါ် မူတည်၍ ညီမျှသည့် ကမ္ဘာ့စားနပ်ရိက္ခာ ဖြန့်ဖြူးမှုဖြစ်စေရန် ဆောင်ရွက်ခြင်း၊

***Article 12***

1. The States Parties to the present Covenant recognize the right of everyone to the enjoyment of the highest attainable standard of physical and mental health.

2. The steps to be taken by the States Parties to the present Covenant to achieve the full realization of this right shall include those necessary for:

   (a) The provision for the reduction of the stillbirth-rate and of infant mortality and for the healthy development of the child;

   (b) The improvement of all aspects of environmental and industrial hygiene;

   (c) The prevention, treatment and control of epidemic, endemic, occupational and other diseases;

   (d) The creation of conditions which would assure to all medical service and medical attention in the event of sickness.

***Article 13***

1. The States Parties to the present Covenant recognize the right of everyone to education. They agree that education shall be directed to the full development of the human personality and the sense of its dignity, and shall strengthen the respect for human rights and fundamental freedoms. They further agree that education shall enable all persons to participate effectively in a free society, promote understanding, tolerance and friendship among all nations and all racial, ethnic or religious groups, and further the activities of the United Nations for the maintenance of peace.



**အပိုဒ် – ၁၂**

၁။ ရုပ်ပိုင်းနှင့် စိတ်ပိုင်း ကျန်းမာရေးကို လူတိုင်း အဆင့်မြင့်မြင့် ရရှိခံစားနိုင်ခွင့် ရှိသည်ကို ဤစာချုပ်ဝင် နိုင်ငံများက အသိအမှတ်ပြုသည်။

၂။ ဤစာချုပ်ဝင်နိုင်ငံများသည် ဤအခွင့်အရေးကို အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများတွင် အောက်ပါ မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများ ပါဝင်ရမည် –

(က) ကလေးအသေမွေးနှုန်းနှင့် မွေးစကလေး သေနှုန်းလျော့ကျစေခြင်းနှင့် ကျန်းမာဖွံ့ဖြိုးသည့် ကလေးများ ဖြစ်လာစေရေးတို့အတွက် စီမံခန့်ခွဲခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စက်မှုလုပ်ငန်း သန့်ရှင်းရေးတို့အတွက် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်း၊

(ဂ) ကူးစက်ရောဂါများ၊ ပုံမှန်ဖြစ်ပွားလေ့ရှိသည့် ရောဂါများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများနှင့် အခြားသောရောဂါများအား ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ထိန်းချုပ်ခြင်း၊

(ဃ) နေထိုင်မကောင်းဖြစ်သည့်အခါ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးဝါး ကုသမှုများ အမှန်တကယ် ရရှိခံစားနိုင်ရေးအတွက် အခြေအနေများ ဖန်တီးပေးခြင်း၊

**အပိုဒ် – ၁၃**

၁။ ဤစာချုပ်ဝင် နိုင်ငံများသည် လူတိုင်း ပညာသင်ယူခွင့်ကို အသိအမှတ်ပြုသည်။ ပညာရေးသည် လူသားတို့၏ ကိုယ်ရည်ကိုယ်သွေး အပြည့်အဝဖွံ့ဖြိုးတိုးတက်ရေး နှင့် ပညာ၏ဂုဏ်သိက္ခာရှိမှု သဘောအဓိပ္ပါယ်တို့ကို ရေးရှုသည်ဟူသောအချက် နှင့် ပညာရေးသည် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအား လေးစားမှုကို ခိုင်မာစေသည်ဟူသော အချက်တို့ကို သဘောတူညီကြသည်။ ထို့ပြင် ပညာရေးသည်လွတ်လပ်သော လူ့အဖွဲ့အစည်းတစ်ရပ်တွင် လူသားတိုင်း ထိရောက်စွာ ပါဝင်လာနိုင်စေသည်။ နိုင်ငံများအတွင်းနှင့် လူမျိုးရေးအုပ်စုများ၊ တိုင်းရင်းသား သို့မဟုတ် ကိုးကွယ်သည့် ဘာသာရေးအုပ်စုများအတွင်း နားလည်မှု၊ သည်းခံမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေသည်ကို လည်းကောင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကုလသမဂ္ဂက ဆောင်ရွက် နေသည့် လုပ်ငန်းများကို ယခုထက် ပိုမိုလုပ်ဆောင်စေပါသည် ဟူသောအချက် များကိုလည်းကောင်း ဤစာချုပ်ဝင်နိုင်ငံများက သဘောတူညီကြသည်။

2. The States Parties to the present Covenant recognize that, with a view to achieving the full realization of this right:

(a) Primary education shall be compulsory and available free to all;

(b) Secondary education in its different forms, including technical and vocational secondary education, shall be made generally available and accessible to all by every appropriate means, and in particular by the progressive introduction of free education;

(c) Higher education shall be made equally accessible to all, on the basis of capacity, by every appropriate means, and in particular by the progressive introduction of free education;

(d) Fundamental education shall be encouraged or intensified as far as possible for those persons who have not received or completed the whole period of their primary education;

(e) The development of a system of schools at all levels shall be actively pursued, an adequate fellowship system shall be established, and the material conditions of teaching staff shall be continuously improved.

3. The States Parties to the present Covenant undertake to have respect for the liberty of parents and, when applicable, legal guardians to choose for their children schools, other than those established by the public authorities, which conform to such minimum educational standards as may be laid down or approved by the State and to ensure the religious and moral education of their children in conformity with their own convictions.



၂။ ဤအခွင့်အရေးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရမည်ဟူသောအမြင်ဖြင့် စာချုပ်ဝင် နိုင်ငံများသည် အောက်ပါအချက်များကို အသိအမှတ်ပြုသည် –

(က) မူလတန်းပညာရေးသည် မသင်မနေရ ပညာရေးဖြစ်ပြီး အားလုံးအတွက် အခမဲ့ ရရှိနိုင်ရမည်။

(ခ) အလယ်တန်းပညာရေးတွင် ပုံစံအမျိုးမျိုးရှိရာ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးတို့ပါဝင်ပြီး လူတိုင်းက သင့်လျော်သောနည်းလမ်းများဖြင့် အလယ်တန်းပညာ သင်ယူနိုင်ကြစေရမည်။ အထူးသဖြင့် အခမဲ့ ပညာရေးအဖြစ် အဆင့်ဆင့်ဆောင်ရွက်သွားရမည်။

(ဂ) အဆင့်မြင့်ပညာရေးကို လူတိုင်း ၎င်းတို့၏ အရည်အချင်းအလိုက် အညီအမျှ သင်ယူနိုင်ခွင့်ရှိရန် သင့်လျော်သည့် နည်းလမ်းများကို အသုံးပြုရမည်။ အထူးသဖြင့် အခမဲ့ ပညာရေးအဖြစ် အဆင့်ဆင့်ဆောင်ရွက်သွားရမည်။

(ဃ) မူလတန်းပညာရေးကို မသင်နိုင်သူများ သို့မဟုတ် မူလတန်းပညာရေးကို ပြီးဆုံးသည်အထိ သင်ယူခြင်း မပြုနိုင်သူများအတွက် အခြေခံပညာရေးကို တတ်နိုင်သမျှအားပေးဆောင်ရွက်ရမည် သို့မဟုတ် အရှိန်မြှင့်ဆောင်ရွက်ရမည်။

(င) အဆင့်ဆင့်သောကျောင်းများ တည်ထောင်ဖွင့်လှစ်သည့်စနစ် ဖွံ့ဖြိုးရေးကို သွက်သွက်လက်လက် လုပ်ဆောင်ခြင်း၊ ပြည့်စုံလုံလောက်သည့် ပညာသင်စရိတ်ဖြင့် အဆင့်မြင့် ပညာသင်ယူသည့်စနစ် တည်ထောင်ခြင်းနှင့် ဆရာများ၏ စာသင်ခန်း၊ သင်ထောက်ကူပစ္စည်းများစသည့် ရုပ်ဝတ္ထုပစ္စည်းများ၏ အခြေအနေ အား အစဉ်အမြဲ တိုးတက်နေစေရမည်။

၃။ ဤစာချုပ်ဝင်နိုင်ငံများသည် မိဘများ၏ လွတ်လပ်မှုကို လေးစားရမည်။ ရွေးချယ်နိုင်သည့် အခြေအနေရှိလျှင် ဥပဒေနှင့်အညီ အုပ်ထိန်းခွင့်ရှိသည့် အုပ်ထိန်းသူများသည် ၎င်းတို့၏ ကလေးများအတွက် ကျောင်းရွေးချယ်ရာတွင် အာဏာပိုင်များက တည်ထောင်ထားသည့် သက်ဆိုင်ရာနိုင်ငံက ချမှတ်ထားသော သို့မဟုတ် အတည်ပြုထားသော အနိမ့်ဆုံးပညာရေးအဆင့်အတန်းကို တပြေးညီ သင်ကြားနေသည့် ကျောင်းများမှအပ အခြားသောကျောင်းများကိုရွေးချယ်နိုင်ခွင့် ရှိစေရမည်။ မိမိတို့၏ ယုံကြည်မှုအလိုက် ၎င်းတို့၏ ကလေးများကို ကိုးကွယ်သည့် ဘာသာရေးဆိုင်ရာ ပညာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ပညာရေးတို့ကို သင်ယူခွင့်ရှိစေရမည်။

4. No part of this article shall be construed so as to interfere with the liberty of individuals and bodies to establish and direct educational institutions, subject always to the observance of the principles set forth in paragraph I of this article and to the requirement that the education given in such institutions shall conform to such minimum standards as may be laid down by the State.

### *Article 14*

Each State Party to the present Covenant which, at the time of becoming a Party, has not been able to secure in its metropolitan territory or other territories under its jurisdiction compulsory primary education, free of charge, undertakes, within two years, to work out and adopt a detailed plan of action for the progressive implementation, within a reasonable number of years, to be fixed in the plan, of the principle of compulsory education free of charge for all.

### *Article 15*

1. The States Parties to the present Covenant recognize the right of everyone:

(a) To take part in cultural life;

(b) To enjoy the benefits of scientific progress and its applications;

(c) To benefit from the protection of the moral and material interests resulting from any scientific, literary or artistic production of which he is the author.



၄။ ဤအပိုဒ်၏ စာပိုဒ်(၁)ပါမူများကို အစဉ်လေးစားလိုက်နာပြီး အဆိုပါ ပညာရေးအဖွဲ့အစည်းများတွင် ကျင့်သုံးနေသည့် ပညာရေးလိုအပ်ချက်သည် သက်ဆိုင်ရာနိုင်ငံက ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံး အဆင့်အတန်းနှင့် ကိုက်ညီနေပါက ဤအပိုဒ်ပါအချက်များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အသင်းအဖွဲ့များ၊ ပညာရေးအဖွဲ့အစည်းများ လွတ်လပ်စွာ တည်ထောင်ခြင်းနှင့် ညွှန်ကြားခြင်းတို့တွင် ဝင်ရောက်စွက်ဖက်ခွင့်ရှိသည်ဟူ၍ မမှတ်ယူရ။

### အပိုဒ် – ၁၄

ဤစာချုပ်ဝင် နိုင်ငံတစ်နိုင်ငံစီသည် စာချုပ်ဝင်နိုင်ငံ ဖြစ်လာသည့်အချိန်တွင် ၎င်း၏ မြို့တော်နယ်မြေနှင့် အခြားစီရင်ပိုင်ခွင့်ရှိ နယ်မြေများ၌ အခမဲ့ မသင်မနေရ ပညာရေးကို ချမှတ်ဆောင်ရွက်ခြင်း မပြုနိုင်ပါက အသေးစိတ် စီမံကိန်းတစ်ရပ်ကို (၂)နှစ်အတွင်း ရေးဆွဲချမှတ်၍ မသင်မနေရ အခမဲ့ပညာရေးကို တိုးတက်ဖြစ်ထွန်းစေရန် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ အဆိုပါ စီမံကိန်းတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် နှစ်ကာလအတိုင်းအတာကို သတ်မှတ်ရမည်ဖြစ်ပြီး လူတိုင်းအတွက် မသင်မနေရ အခမဲ့ပညာရေးမူကို စီမံကိန်းတွင် ထည့်သွင်းထားရမည်။

### အပိုဒ် – ၁၅

၁။ ဤစာချုပ်ဝင်နိုင်ငံများသည် အောက်ဖော်ပြပါ အခွင့်အရေးများကို လူတိုင်း ခံစားခွင့်ရှိကြောင်း အသိအမှတ်ပြုသည် –

(က) ယဉ်ကျေးမှုလုပ်ငန်းများတွင် ပါဝင်ခွင့်၊

(ခ) သိပ္ပံပညာ တိုးတက်မှုနှင့် ယင်းတိုးတက်မှုများကို အသုံးချရာမှပေါ်ထွက်လာသည့် အသီးအပွင့်များကို ခံစားခွင့်၊

(ဂ) မည်သည့် သိပ္ပံနည်းကျထုတ်လုပ်မှု၊ စာပေပြုစုခြင်းနှင့် အနုပညာပစ္စည်းထုတ်လုပ်မှုတို့တွင်မဆို တီထွင်ထုတ်လုပ်သူ၊ ဖန်တီးသူတို့သည် ၎င်းတို့၏ ထုတ်လုပ်မှုများကို ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတို့မှ ပေါ်ထွက်လာသည့် ပိုင်ခွင့်များအား အကာအကွယ်ပေးရာမှ ရရှိလာသော အကျိုးအမြတ်များကို ခံစားခွင့်၊

2. The steps to be taken by the States Parties to the present Covenant to achieve the full realization of this right shall include those necessary for the conservation, the development and the diffusion of science and culture.

3. The States Parties to the present Covenant undertake to respect the freedom indispensable for scientific research and creative activity.

4. The States Parties to the present Covenant recognize the benefits to be derived from the encouragement and development of international contacts and co-operation in the scientific and cultural fields.

## PART IV

### *Article 16*

1. The States Parties to the present Covenant undertake to submit in conformity with this part of the Covenant reports on the measures which they have adopted and the progress made in achieving the observance of the rights recognized herein.

2. (a) All reports shall be submitted to the Secretary-General of the United Nations, who shall transmit copies to the Economic and Social Council for consideration in accordance with the provisions of the present Covenant;

   (b) The Secretary-General of the United Nations shall also transmit to the specialized agencies copies of the reports, or any relevant parts therefrom, from States Parties to the present Covenant which are also members of these specialized agencies in so far as these reports, or parts therefrom, relate to any matters which fall within the responsibilities of the said agencies in accordance with their constitutional instruments.



၂။ ဤစာချုပ်ဝင်နိုင်ငံများသည် ဤအခွင့်အရေးကို အပြည့်အဝ အကောင်အထည်ဖော်ရန် လုပ်ဆောင်မည့် လုပ်ငန်းများတွင် သိပ္ပံပညာနှင့် ယဉ်ကျေးမှုတို့အတွက် လိုအပ်သည့် ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ပြန့်ပွားရေးလုပ်ငန်းများ ပါဝင်စေရမည်။

၃။ ဤစာချုပ်ဝင်နိုင်ငံများသည် သိပ္ပံနည်းကျ သုတေသနလုပ်ငန်းနှင့် တီထွင်ကြံဆမှုလုပ်ငန်းများအတွက် မရှိမဖြစ်သည့် လွတ်လပ်မှုကို လေးစားစေရေး တာဝန်ယူလုပ်ဆောင်ရမည်။

၄။ ဤစာချုပ်ဝင်နိုင်ငံများသည် သိပ္ပံနှင့် ယဉ်ကျေးမှု နယ်ပယ်များအတွင်းရှိ အပြည်ပြည်ဆိုင်ရာ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အားပေးခြင်းနှင့် ဖွံ့ဖြိုးစေခြင်းတို့မှ ရရှိလာသည့် အကျိုးအမြတ်များကို အသိအမှတ်ပြုသည်။

## အခန်း (၄)

### အပိုဒ် – ၁၆

၁။ ဤစာချုပ်ဝင်နိုင်ငံများသည် စာချုပ်၏ ယခုအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤစာချုပ်ပါ အခွင့်အရေးများရရှိရေးအတွက် ဆောင်ရွက်ရန် ဆုံးဖြတ်ထားသည့် လုပ်ငန်းများနှင့် ပတ်သက်သော အစီရင်ခံစာနှင့် တိုးတက်မှုအစီရင်ခံစာများကို တင်ပြရန် တာဝန်ရှိသည်။

၂။ (က) အစီရင်ခံစာအားလုံးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ တင်ပြရမည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အစီရင်ခံစာမိတ္တူများကို စီးပွားရေးနှင့် လူမှုရေးကောင်စီထံသို့ ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လေ့လာသုံးသပ်နိုင်ရန် ပေးပို့ရမည်။

   (ခ) ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ဤစာချုပ်ဝင်နိုင်ငံများဖြစ်ပြီး အထူးအေဂျင်စီများ၏ အဖွဲ့ဝင်လည်းဖြစ်သော နိုင်ငံများကတင်ပြသည့် အစီရင်ခံစာများ သို့မဟုတ် အစီရင်ခံစာ၏ အစိတ်အပိုင်းများသည် အထူးအေဂျင်စီမှ ၎င်းတို့၏ ဖွဲ့စည်းပုံဆိုင်ရာ စာချုပ်စာတမ်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ယူရသည့် ကိစ္စရပ်များနှင့် သက်ဆိုင်နေပါက အစီရင်ခံစာတစ်ရပ်လုံး၏ မိတ္တူ သို့မဟုတ် အစီရင်ခံစာ အစိတ်အပိုင်း၏ မိတ္တူများကို ယင်းအေဂျင်စီများထံ ထပ်ဆင့်ပေးပို့ရမည်။

### *Article 17*

1. The States Parties to the present Covenant shall furnish their reports in stages, in accordance with a programme to be established by the Economic and Social Council within one year of the entry into force of the present Covenant after consultation with the States Parties and the specialized agencies concerned.
2. Reports may indicate factors and difficulties affecting the degree of fulfilment of obligations under the present Covenant.
3. Where relevant information has previously been furnished to the United Nations or to any specialized agency by any State Party to the present Covenant, it will not be necessary to reproduce that information, but a precise reference to the information so furnished will suffice.

### *Article 18*

Pursuant to its responsibilities under the Charter of the United Nations in the field of human rights and fundamental freedoms, the Economic and Social Council may make arrangements with the specialized agencies in respect of their reporting to it on the progress made in achieving the observance of the provisions of the present Covenant falling within the scope of their activities. These reports may include particulars of decisions and recommendations on such implementation adopted by their competent organs.



### **အပိုဒ် – ၁၇**

၁။ သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံများ၊ အထူးအေဂျင်စီများနှင့် ညှိနှိုင်းပြီး ဤစာချုပ်အသက်ဝင်ပြီး တစ်နှစ်အတွင်း စီးပွားရေးနှင့် လူမှုရေးကောင်စီက တည်ထောင်မည့် အစီအစဉ်တစ်ရပ်နှင့်အညီ ဤစာချုပ်ဝင်နိုင်ငံများသည် ၎င်းတို့၏ အစီရင်ခံစာများကို အဆင့်လိုက် ပြုစုရမည်။

၂။ ဤစာချုပ်ပါ ကတိကဝတ်များအား အကောင်အထည်ဖော်နိုင်သည့်အတိုင်းအတာအပေါ် အကျိုးသက်ရောက်သည့် အခြေခံအကြောင်းရင်းများနှင့် အခက်အခဲများကို အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြနိုင်ရမည်။

၃။ မည်သည့်စာချုပ်ဝင်နိုင်ငံကမဆို ကုလသမဂ္ဂအဖွဲ့ သို့မဟုတ် မည်သည့်အထူးအေဂျင်စီသို့ သက်ဆိုင်ရာ သတင်းအချက်အလက်ကို ဖြည့်ဆည်းပေးပို့ပြီးဖြစ်လျှင် ယင်းသတင်းအချက်အလက်ကို ထပ်မံဖော်ပြရန် မလိုအပ်။ ယင်းသတင်းအချက်အလက်၏ အကျဉ်းချုပ် ရည်ညွှန်းချက်ကို ဖြည့်ဆည်းပေးနိုင်လျှင်ပင် လုံလောက်ပြီဖြစ်သည်။

### **အပိုဒ် – ၁၈**

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ နယ်ပယ်တွင် တာဝန်ရှိမှုများနှင့်အညီ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အထူးအေဂျင်စီများက ၎င်းတို့၏ လုပ်ငန်းဆောင်တာအတွင်း အကျုံးဝင်သော ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များအား လိုက်နာစောင့်ထိန်းရာတွင် တိုးတက်မှုအခြေအနေကို မိမိထံ အစီရင်ခံစာ တင်ပြရေးနှင့် ပတ်သက်၍ ယင်းအေဂျင်စီများနှင့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။ အဆိုပါ အစီရင်ခံစာများတွင် အထူးအေဂျင်စီများ၏ ကျွမ်းကျင်သော အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ဆိုင်ရာ အချက်အလက်များနှင့် အကြံပြုချက်များ ပါဝင်နိုင်သည်။

### *Article 19*

The Economic and Social Council may transmit to the Commission on Human Rights for study and general recommendation or, as appropriate, for information the reports concerning human rights submitted by States in accordance with articles 16 and 17, and those concerning human rights submitted by the specialized agencies in accordance with article 18.

### *Article 20*

The States Parties to the present Covenant and the specialized agencies concerned may submit comments to the Economic and Social Council on any general recommendation under article 19 or reference to such general recommendation in any report of the Commission on Human Rights or any documentation referred to therein.

### *Article 21*

The Economic and Social Council may submit from time to time to the General Assembly reports with recommendations of a general nature and a summary of the information received from the States Parties to the present Covenant and the specialized agencies on the measures taken and the progress made in achieving general observance of the rights recognized in the present Covenant.



### အပိုဒ် – ၁၉

စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အပိုဒ် ၁၆ နှင့် ၁၇ အရ နိုင်ငံများက တင်ပြလာသည့် လူ့အခွင့်အရေး အစီရင်ခံစာများနှင့် အပိုဒ် ၁၈ အရ အထူးအေဂျင်စီများက တင်ပြလာသည့် လူ့အခွင့်အရေး အစီရင်ခံစာများအား လူ့အခွင့်အရေးကော်မရှင်သို့ လေ့လာရန်၊ အထွေထွေအကြံပြုချက်များ ရယူရန် သို့မဟုတ် သိသာရန် သင့်လျော်သကဲ့သို့ ပေးပို့ရမည်။

### အပိုဒ် – ၂၀

ဤစာချုပ်ဝင် နိုင်ငံများနှင့် သက်ဆိုင်ရာ အထူးအေဂျင်စီများသည် အပိုဒ် ၁၉ အောက်ရှိ အထွေထွေ အကြံပြုချက်နှင့် ပတ်သက်၍လည်းကောင်း သို့မဟုတ် လူ့အခွင့်အရေး ကော်မရှင်၏ မည်သည့်အစီရင်ခံစာမဆိုတွင် ပါဝင်သည့် ထိုကဲ့သော အထွေထွေအကြံပြုချက်ကို ရည်ညွှန်း၍လည်းကောင်း သို့မဟုတ် အစီရင်ခံစာပါ မည်သည့်မှတ်တမ်းမှတ်ရာ နှင့် ပတ်သက်၍လည်းကောင်း သဘောထား၊ ထင်မြင်ချက်များကို စီးပွားရေးနှင့် လူမှုရေး ကောင်စီသို့ တင်ပြရမည်။

### အပိုဒ် – ၂၁

စီးပွားရေးနှင့် လူမှုရေးကောင်စီသည် သာမန်အကြံပြုချက်များပါရှိသည့် အစီရင်ခံစာများနှင့် စာချုပ်ဝင်နိုင်ငံများထံမှ ရရှိသည့် သတင်းအချက်အလက် များနှင့် ဤစာချုပ်ပါ အခွင့်အရေးများကို ယေဘုယျ စောင့်ထိန်းလိုက်နာရာတွင် အထူးအေဂျင်စီများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများပါဝင်သည့် အကျဉ်းချုပ်တို့ကို အထွေထွေညီလာခံသို့ မကြာခဏ တင်ပြနိုင်သည်။

### *Article 22*

The Economic and Social Council may bring to the attention of other organs of the United Nations, their subsidiary organs and specialized agencies concerned with furnishing technical assistance any matters arising out of the reports referred to in this part of the present Covenant which may assist such bodies in deciding, each within its field of competence, on the advisability of international measures likely to contribute to the effective progressive implementation of the present Covenant.

### *Article 23*

The States Parties to the present Covenant agree that international action for the achievement of the rights recognized in the present Covenant includes such methods as the conclusion of conventions, the adoption of recommendations, the furnishing of technical assistance and the holding of regional meetings and technical meetings for the purpose of consultation and study organized in conjunction with the Governments concerned.

### *Article 24*

Nothing in the present Covenant shall be interpreted as impairing the provisions of the Charter of the United Nations and of the constitutions of the specialized agencies which define the respective responsibilities of the various organs of the United Nations and of the specialized agencies in regard to the matters dealt with in the present Covenant.



### အပိုဒ် – ၂၂

ဤစာချုပ်ပါ အခွင့်အရေးများကို အဆင့်ဆင့်ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်ဖွယ်ရှိသည့် နိုင်ငံတကာအဆင့် ဆောင်ရွက်မှုများကို လုပ်ဆောင်သင့်ကြောင်းကုလသမဂ္ဂအဖွဲ့ကြီး၏ ယန္တရားများ၊ လက်အောက်ခံအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အထူးအေဂျင်စီများက ၎င်းတို့၏ လုပ်ပိုင်ခွင့် နယ်ပယ်အလိုက် ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည့် ကိစ္စရပ်များသည် ဤစာချုပ်၏ ယခုအပိုင်းရှိ အစီရင်ခံစာများမှ ပေါ်ပေါက်လာသည်ဖြစ်ရာ ယင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် နည်းပညာ အကူအညီပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် လူမှုရေးကောင်စီက အဆိုပါ အဖွဲ့အစည်းများအား အသိပေးထားရမည်။

### အပိုဒ် – ၂၃

ဤစာချုပ်ဝင်နိုင်ငံများသည် ဤစာချုပ်က အသိအမှတ်ပြုထားသော အခွင့်အရေးများ ရရှိရန်အတွက် နိုင်ငံတကာအဆင့် ဆောင်ရွက်ရာတွင် သဘောတူညီချက်များကို သုံးသပ်ခြင်း၊ အကြံပြု တောင်းခံချက်များ ချမှတ်ခြင်း၊ ကျွမ်းကျင်မှု အကူအညီများတောင်းခံခြင်းနှင့် သက်ဆိုင်ရာအစိုးရများနှင့် ပူးပေါင်း၍ဆွေးနွေးညှိနှိုင်းရေးနှင့် လေ့လာနိုင်ရေးတို့အတွက် ဒေသဆိုင်ရာ အစည်းအဝေးများနှင့် နည်းပညာဆိုင်ရာ အစည်းအဝေးများကျင်းပခြင်း နည်းလမ်းများကို ထည့်သွင်းဆောင်ရွက်ရန် သဘောတူသည်။

### အပိုဒ် – ၂၄

ဤစာချုပ်တွင် ပါဝင်သောအချက်များသည် ဤစာချုပ်နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသည့်အခါ ကုလသမဂ္ဂအဖွဲ့အောက်ရှိ အဖွဲ့အစည်းအသီးသီးနှင့် အထူးအေဂျင်စီများအောက်ရှိ အဖွဲ့အစည်းအသီးသီးတို့ လိုက်နာရန် တာဝန်များကို ပြဋ္ဌာန်းထားသည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အထူးအေဂျင်စီများ၏ ဖွဲ့စည်းပုံဆိုင်ရာ ပြဋ္ဌာန်းချက်များကို အနှောင့်အယှက်ဖြစ်စေသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိစေရ။

### *Article 25*

Nothing in the present Covenant shall be interpreted as impairing the inherent right of all peoples to enjoy and utilize fully and freely their natural wealth and resources.

## PART V

### *Article 26*

1. The present Covenant is open for signature by any State Member of the United Nations or member of any of its specialized agencies, by any State Party to the Statute of the International Court of Justice, and by any other State which has been invited by the General Assembly of the United Nations to become a party to the present Covenant.
2. The present Covenant is subject to ratification. Instruments of ratification shall be deposited with the Secretary-General of the United Nations.
3. The present Covenant shall be open to accession by any State referred to in paragraph 1 of this article.
4. Accession shall be effected by the deposit of an instrument of accession with the Secretary-General of the United Nations.
5. The Secretary-General of the United Nations shall inform all States which have signed the present Covenant or acceded to it of the deposit of each instrument of ratification or accession.



### အပိုဒ် – ၂၅

ဤစာချုပ်ပါအချက်များသည် ပြည်သူအားလုံးက ၎င်းတို့၏ သဘာဝ ကြွယ်ဝမှုနှင့် သဘာဝ ရင်းမြစ်များကို လွတ်လပ်စွာ အပြည့်အဝအသုံးချနိုင်သည့် မွေးရာပါ အခွင့်အရေးကို အဟန့်အတားဖြစ်စေသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိစေရ။

## အခန်း (၅)

### အပိုဒ် – ၂၆

၁။ ဤစာချုပ်ဝင် ဖြစ်လာစေရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင် မည်သည့်နိုင်ငံကမဆို (သို့မဟုတ်) မည်သည့် ကုလသမဂ္ဂအထူးအေဂျင်စီ၏ အဖွဲ့ဝင်မဆို အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ဥပဒေပါအဖွဲ့ဝင် မည်သည့်နိုင်ငံကမဆို၊ ကုလသမဂ္ဂ အထွေထွေညီလာခံပါ ဖိတ်ကြားသည့် မည်သည့်နိုင်ငံကမဆို ဤစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်သည်။

၂။ ဤစာချုပ်သည် အတည်ပြုရန် လိုအပ်သည်။ အတည်ပြုမှုဆိုင်ရာ စာချုပ်စာတမ်းများကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံ အပ်နှံထားရမည်။

၃။ ဤအပိုဒ်၏ အပိုဒ် (၁)ပါ မည်သည့်နိုင်ငံကမဆို စာချုပ်အတည်ပြုပြီးနောက်မှ ပါဝင်ရန် လက်မှတ်ရေးထိုးနိုင်သည်။

၄။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ စာချုပ်အတည်ပြုပြီးနောက် ပါဝင်ခြင်းဆိုင်ရာ စာချုပ်စာတမ်းများကို အပ်နှံပြီးလျှင် စာချုပ်အတည်ပြုပြီး စာချုပ်ဝင် ဖြစ်လာသည်။

၅။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီး အတည်ပြုစာချုပ် စာတမ်းအသီးသီး အပ်နှံသည့် နိုင်ငံများနှင့် စာချုပ်အတည်ပြုပြီးနောက် စာချုပ်တွင် ပါဝင်လာကြောင်းဖော်ပြသည့် စာချုပ်စာတမ်း အသီးသီးကို အပ်နှံသည့် နိုင်ငံများထံ အသိပေး အကြောင်းကြားရမည်။

### *Article 27*

1. The present Covenant shall enter into force three months after the date of the deposit with the Secretary-General of the United Nations of the thirty-fifth instrument of ratification or instrument of accession.

2. For each State ratifying the present Covenant or acceding to it after the deposit of the thirty-fifth instrument of ratification or instrument of accession, the present Covenant shall enter into force three months after the date of the deposit of its own instrument of ratification or instrument of accession.

### *Article 28*

The provisions of the present Covenant shall extend to all parts of federal States without any limitations or exceptions.

### *Article 29*

1. Any State Party to the present Covenant may propose an amendment and file it with the Secretary-General of the United Nations. The Secretary-General shall thereupon communicate any proposed amendments to the States Parties to the present Covenant with a request that they notify him whether they favour a conference of States Parties for the purpose of considering and voting upon the proposals. In the event that at least one third of the States Parties favours such a conference, the Secretary-General shall convene the conference under the auspices of the United Nations. Any amendment adopted by a majority of the States Parties present and voting at the conference shall be submitted to the General Assembly of the United Nations for approval.



### **အပိုဒ် – ၂၇**

၁။ ဤစာချုပ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ (၃၅)ခုမြောက် အတည်ပြု စာချုပ်စာတမ်း (သို့မဟုတ်) စာချုပ်အတည်ပြုပြီးနောက်မှ စာချုပ်ဝင်နိုင်ငံ ဖြစ်လာခြင်းဆိုင်ရာ စာချုပ်စာတမ်းကို အပ်နှံသည့်နေ့မှ (၃)လအကြာတွင် စတင် အာဏာသက်ရောက်သည်။

၂။ (၃၅)ခုမြောက် အတည်ပြု စာချုပ်စာတမ်း (သို့မဟုတ်) စာချုပ်အတည် ပြုပြီးနောက်မှ စာချုပ်ဝင်နိုင်ငံ ဖြစ်လာခြင်းဆိုင်ရာ စာချုပ်စာတမ်းကို အပ်နှံပြီး ဤစာချုပ်ကို အတည်ပြုသည့်နိုင်ငံ (သို့မဟုတ်) ဤစာချုပ်အတည်ပြုပြီး နောက်မှ စာချုပ်ဝင်နိုင်ငံဖြစ်လာသည့် နိုင်ငံအသီးသီးအတွက် ၎င်းတို့နှင့် သက်ဆိုင်သည့် အတည်ပြုစာချုပ်စာတမ်း (သို့မဟုတ်) စာချုပ်အတည်ပြုပြီး နောက်မှ စာချုပ်ဝင်နိုင်ငံဖြစ်လာသည့် စာချုပ်စာတမ်းကို အပ်နှံသည့်နေ့မှ သုံးလအကြာတွင် ဤစာချုပ် စတင် အာဏာသက်ရောက်သည်။

### **အပိုဒ် – ၂၈**

ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုနိုင်ငံများ၏ ဒေသအသီးသီးသို့ အကန့်အသတ်မရှိ၊ ခြွင်းချက်မရှိ အကျိုးသက်ရောက်စေရမည်။

### **အပိုဒ် – ၂၉**

၁။ ဤစာချုပ်ဝင် မည်သည့်နိုင်ငံကမဆို ပြင်ဆင်ချက်တစ်ရပ် ပြုလုပ်ပေးရန် အဆိုပြုပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံ ယင်းအဆိုပြုချက်ကို တင်သွင်း နိုင်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အဆိုပြု ပြင်ဆင်ချက်များနှင့် ယင်းအဆိုပြုချက်များနှင့် ပတ်သက်၍ စဉ်းစားသုံးသပ်ရန်နှင့် ဆန္ဒမဲပေးရန် အတွက် အဖွဲ့ဝင်နိုင်ငံများ ပါဝင်သည့် အစည်းအဝေးကြီးတစ်ရပ် ကျင်းပရန် ဆန္ဒရှိ/မရှိ ၎င်းထံ ပြန်ကြားရန် မေတ္တာရပ်ခံချက်တို့ကို အဖွဲ့ဝင်နိုင်ငံများထံ ပေးပို့ရမည်။ အနည်းဆုံး စာချုပ်ဝင်နိုင်ငံ သုံးပုံတစ်ပုံက အစည်းအဝေးကြီးတစ်ရပ် ကျင်းပရန် ဆန္ဒရှိလျှင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂအဖွဲ့၏ ကမကထ ပြုမှုဖြင့် ယင်းအစည်းအဝေးကို ကျင်းပရမည်။ အစည်းအဝေးကြီးတွင် တက်ရောက်လာသည့် စာချုပ်ဝင်နိုင်ငံအများစုက ပြင်ဆင်ချက်တစ်ရပ်ကို သဘောတူလက်ခံပြီး ဆန္ဒပြုလျှင် ယင်းပြင်ဆင်ချက်ကို အတည်ပြုနိုင်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်ပြရမည်။

2. Amendments shall come into force when they have been approved by the General Assembly of the United Nations and accepted by a two-thirds majority of the States Parties to the present Covenant in accordance with their respective constitutional processes.

3. When amendments come into force they shall be binding on those States Parties which have accepted them, other States Parties still being bound by the provisions of the present Covenant and any earlier amendment which they have accepted.

### *Article 30*

Irrespective of the notifications made under article 26, paragraph 5, the Secretary-General of the United Nations shall inform all States referred to in paragraph I of the same article of the following particulars:

(a) Signatures, ratifications and accessions under article 26;

(b) The date of the entry into force of the present Covenant under article 27 and the date of the entry into force of any amendments under article 29.

### *Article 31*

1. The present Covenant, of which the Chinese, English, French, Russian and Spanish texts are equally authentic, shall be deposited in the archives of the United Nations.

2. The Secretary-General of the United Nations shall transmit certified copies of the present Covenant to all States referred to in article 26.



၂။ ပြင်ဆင်ချက်များသည် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုပြီး စာချုပ်ဝင်နိုင်ငံ သုံးပုံနှစ်ပုံက ၎င်းတို့၏ သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံလျှင် စတင် အာဏာသက်ရောက်သည်။

၃။ ပြင်ဆင်ချက်များစတင်အာဏာသက်ရောက်သည့်အခါ ယင်းပြင်ဆင်ချက်များကို လက်ခံသည့် စာချုပ်ဝင်နိုင်ငံများသည် ယင်းပြင်ဆင်ချက်များကို လိုက်နာရန် တာဝန်ရှိပြီး အခြားစာချုပ်ဝင်နိုင်ငံများသည် ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ၎င်းတို့ စောစောပိုင်းက လက်ခံခဲ့သော ပြင်ဆင်ချက်ကို လိုက်နာရန် တာဝန်ရှိဆဲဖြစ်သည်။

### **အပိုဒ် – ၃၀**

အပိုဒ်–၂၆ ၏ စာပိုဒ် (၅) အရ ပြုလုပ်သည့် အကြောင်းကြားချက်များနှင့် မသက်ဆိုင်စေဘဲ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အပိုဒ်–၂၆ ၏ စာပိုဒ် (၁)တွင် ရည်ညွှန်းထားသည့်နိုင်ငံများသို့အောက်ပါအချက်အလက်များကိုအကြောင်းကြားရမည်။

(က) အပိုဒ်–၂၆ ပါ လက်မှတ်ရေးထိုးချက်များ၊ အတည်ပြုချက်များနှင့် စာချုပ်အတည်ပြုပြီးနောက် အဖွဲ့ဝင်ဖြစ်လာခြင်းများ။

(ခ) အပိုဒ်–၂၇ အရ ဤစာချုပ် စတင်အာဏာ သက်ရောက်သည့်နေ့ နှင့် အပိုဒ်–၂၉ အရ ပြင်ဆင်ချက်တစ်ရပ်ရပ် စတင် အာဏာသက်ရောက်သည့်နေ့။

### **အပိုဒ် – ၃၁**

၁။ ဤစာချုပ်၏ တရုတ်မူ၊ အင်္ဂလိပ်မူ၊ ပြင်သစ်မူ၊ ရုရှားမူနှင့် စပိန်မူများသည် တူညီသော မူရင်းများဖြစ်ကြသည်။ ၎င်းစာချုပ်ကို ကုလသမဂ္ဂအဖွဲ့၏ မော်ကွန်းမှတ်တမ်းဌာနတွင် ထည့်သွင်းထားရှိရမည်။

၂။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် မှန်ကန်ကြောင်း နည်းလမ်းတကျ သက်သေခံလက်မှတ် ရေးထိုးထားသော ဤစာချုပ်၏ မိတ္တူများကို အပိုဒ်–၂၆ တွင် ရည်ညွှန်းထားသည့် နိုင်ငံအားလုံးသို့ ပေးပို့ရမည်။

**Translation & Printing Supported by**

Hanns
Seidel
Foundation